Network for Democracy and Development
Documentation and Research Department

network for democracy & development

P.O Box 125, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com


# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၉၂)

### “သို့သော် ညွတ်ကားမညွတ်”

ရောဝတီတိုင်း၊ ဟသ်ာတမြို့နယ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ပညာပေးဆွေးနွေးမှုတွေပြုလုပ်နေကြတဲ့ **HRDP** ခေါ် လူ့အခွင့်အရေးမြှင့်တင်သူများ(အဖွဲ့)က အဖွဲ့ဝင်တချို့ကို ဒေသခံအာဏာပိုင်တွေဦးဆောင်တဲ့ အကြမ်းဖက်ဆူပူသူတစ်စုက ဧပြီလ(၁၈)ရက်နေ့မှာ နေ့ခင်းကြောင်တောင် လူစုလူဝေးနဲ့ သတိလစ်သည်အထိ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြတဲ့အပြင် ရိုက်နှက်ခံရသူတွေကို ရယကဥက္ကဌက တရားလိုပြုလုပ်ပြီး ဧပြီလ(၂၅)ရက်နေ့မှာ တရားစွဲဆိုတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။

ရန်ကုန်အခြေစိုက် လူ့အခွင့်အရေးမြှင့်တင်သူများအဖွဲ့မှ ဦးမြင့်အေး၊ ကိုမောင်မောင်လေး၊ ကိုတင်မောင်ဦးနဲ့ ကိုရှင်ကြည် တို့ဟာ ဒေသခံအဖွဲ့ဝင်တွေနဲ့အတူ ဟသ်ာတမြို့နယ်အတွင်းရှိ အင်္ဂပိုကျေးရွာနဲ့ အုတ်ပုံကျေးရွာတွေက ဒေသခံပြည်သူတွေနဲ့ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲတွေပြုလုပ်အပြီး တလုတ်ထော်ကျေးရွာကိုအထွက် အုတ်ပုံရွာထိပ်မှာ အသင့်စောင့်နေတဲ့ ဟသ်ာတမြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦး ခေါင်းဆောင်တဲ့ အကြမ်းဖက်ဆူပူသူ (၁၀၀)လောက်က ဝါးရင်းဒုတ်၊ တွေ၊ လေးဂွတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။

**HRDP** အဖွဲ့ခေါင်းဆောင် ဦးမြင့်အေး ဟာ ကိုကျော်လွင်(တလုတ်ထော်ကျေးရွာ) မောင်းနှင်တဲ့ မော်တော်ဆိုင်ကယ်နဲ့ အုတ်ပုံကျေးရွာကနေ (၁၅)မိနစ်စောပြီးထွက်သွားမိလို့ ကံကောင်းထောက်မစွာ လွတ်မြောက်သွားခဲ့ပေမဲ့ သူ့နောက်က မော်တော်ဆိုင်ကယ်တစီးနဲ့လိုက်လာခဲ့ကြတဲ့ ကိုသောင်းစိန်(တလုတ်ထော်ကျေးရွာ)၊ ကိုမြင့်နိုင်(ဟသ်ာတမြို့) နဲ့ ကိုမောင်မောင်လေး(ကြည့်မြင်တိုင်) တို့ကတော့ အုတ်ပုံကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးမှာ ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦး ခေါင်းဆောင်တဲ့ လူရမ်းကားတစ်စုရဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုကို ခံခဲ့ကြရခြင်းဖြစ်ပါတယ်။ ကိုသောင်းစိန်ကတော့ မော်တော်ဆိုင်ကယ်ကို အတင်းမောင်းထွက်နိုင်ခဲ့တဲ့အတွက် ဖူးရောင်ပေါက်ပြဲတဲ့ဒဏ်ရာတွေလောက်သာ ရရှိခဲ့ပေမဲ့ ဟသ်ာတမြို့ခံ ကိုမြင့်နိုင် နဲ့ ကိုမောင်မောင်လေး တို့ကတော့ သတိလစ်လဲကျသွားတဲ့အထိ ဝိုင်းဝန်းရိုက်နှက်တာကို ခံခဲ့ကြရပါတယ်။ ဘုန်းကြီး(၂)ပါးနဲ့ အုတ်ပုံရွာသားတချို့ အချိန်မီရောက်ရှိလာလို့သာ သူတို့နှစ်ဦး အသက်မသေခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကိုတင်မောင်ဦးနဲ့ ကိုရှင်ကြည်တို့က  အုတ်ပုံကျေးရွာထဲက အလှူအိမ်တစ်ခုမှာရောက်ရှိနေတဲ့အတွက် တိုက်ခိုက်ခံရမှုဘေးရန်က လွတ်မြောက်သွားခဲ့ပါတယ်။

ကိုမြင့်နိုင်ဟာ ဦးခေါင်းမှာ (၆)ချက်အထိချုပ်ရတဲ့ ပြင်းထန်ဒဏ်ရာနဲ့ ခန္ဓာကိုယ်အနှံ့အပြားမှာ ဖူးရောင်ပေါက်ပြဲတဲ့ဒဏ်ရာတွေ အများအပြား ရရှိခဲ့ပါတယ်။ ကိုမောင်မောင်လေးရဲ့ ဦးခေါင်းနဲ့နောက်ကျောမှာလည်း ဖူးရောင်ညိုမဲတဲ့ အတွင်းကျေဒဏ်ရာတွေ ရရှိခဲ့ပါတယ်။ ကိုမြင့်နိုင်ဟာ ဟသ်ာတမြို့နယ်ဆေးရုံကြီးကိုရောက်တဲ့အထိ ကောင်းကောင်းသတိမရသေးတာကြောင့် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့အာရုံကြောဌာနကို နေ့ချင်း ဆက်လက်ပို့ဆောင် ကုသခံခဲ့ရပါတယ်။

ဒီတိုက်ခိုက်ခံရမှုဟာ ၂၀၀၃ခုနှစ် မေ(၃၀) ဒီပဲယင်းလူသတ်ပွဲအပြီး (၄)နှစ်နီးပါးအကြာမှာ ထပ်မံပေါ်ပေါက်လာတဲ့ အာဏာပိုင်တွေရဲ့ အကြမ်းဖက်မှုတစ်ခု ဖြစ်ပါတယ်။ ဒီတိုက်ခိုက်မှုမှာလည်း ဒီပဲယင်းလူသတ်ပွဲမှာလို အာဏာပိုင်တွေကိုယ်တိုင် ခေါင်းဆောင်ပြီး အသေအချာ စီမံချက်ချလုပ်ဆောင်ခဲ့တဲ့ သက်သေအထောက်အထားတွေ တွေ့ရှိရပါတယ်။ အုတ်ပုံကျေးရွာမှာ လူ့အခွင့်အရေးဆွေးနွေးပွဲတွေပြုလုပ်ခဲ့တဲ့ ဧပြီလ(၁၇)ရက်နေ့ ညကတည်းက ရဲအထူးသတင်းတပ်ဖွဲ့**(SB)** မှ ရဲအရာရှိ နေလင်းစိုး၊ ဒုရဲအုပ်သန်းထိုက်နဲ့ မြို့နယ်ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦး တို့ဟာ အုတ်ပုံကျေးရွာကို ရောက်ရှိနေကြပြီး နောက်

နေ့ **HRDP** အဖွဲ့ ရွာကအထွက်မှာ စောင့်ကြိုတိုက်ခိုက်ဖို့ အသေးစိတ်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ကြတယ်လို့ ရွာခံတွေက ပြောဆိုခဲ့ကြပါတယ်။ လူစုလူဝေးနဲ့တိုက်ခိုက်မှုမဖြစ်ပွားခင် ဧပြီ(၁၈)ရက်နေ့ မနက်ပိုင်းမှာ ဟသ်ာတမြို့နယ် မယကဥက္ကဌနဲ့ မြို့နယ်ရဲတပ်ဖွဲ့ဟာလည်း အုတ်ဖိုကျေးရွာကို ထပ်မံရောက်ရှိလာတာတွေ့ရတယ်လို့ မျက်မြင်သက်သေတချို့က ပြောဆိုခဲ့ကြပါတယ်။ ဟသ်ာတမြို့နယ်က အာဏာပိုင်တွေဟာ အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက အထက်လူကြီးအကြိုက် မျက်နှာလိုမျက်နှာရ “သခင်အားရကျွန်ပါးဝ” လုပ်တတ်သူတွေ ဖြစ်ပုံရပါတယ်။ သွှင်အောင်ဆန်းကို နိုင်ငံရေးတရားဟောမှုနဲ့ ဆုငွေ(၅)ကျပ် ဝရမ်းထုတ်ခဲ့သူဟာလည်း ဟသ်ာတ ဒိစတြိတ် အရေးပိုင်ဖြစ်ပါတယ်။

အုတ်ပုံကျေးရွာအနီး အကြမ်းဖက်တိုက်ခိုက်မှုကို ကိုယ်တိုင်ခံခဲ့ရတဲ့ ကိုသောင်းစိန်က ဧပြီလ (၁၉)ရက်နေ့မှာ တလုတ်ထော်ရဲစခန်းမှာ တရားဝင်အမှုဖွင့် တိုင်ကြားခဲ့ပါတယ်။ အာဏာပိုင်တွေရဲ့ ဥပဒေမဲ့လုပ်ရပ်အပေါ် **HRDP** အဖွဲ့၊ (၈၈)မျိုးဆက်ကျောင်းသားများအဖွဲ့နဲ့ ရှမ်းပြည်လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့တွေက ချက်ချင်းကန့်ကွက်ရှုံ့ချခဲ့ပြီး တရားခံတွေကို ဖေါ်ထုတ်အရေးယူပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒေသတွင်းနဲ့ နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းတွေကလည်း ဒီလုပ်ရပ်ကိုဆန့်ကျင်ရှုံ့ချပြီး အမှုမှန်ပေါ်ပေါက်ရေးကို တောင်းဆိုခဲ့ကြပါတယ်။ နိုင်ငံတကာရောက်မြန်မာ့ဒီမိုကရေစီအင်အားစုတွေကလည်း နအဖသံရုံးတွေရှေ့မှာ ကန့်ကွက်ဆန္ဒပြတာတွေ လုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးစုံစမ်းစစ်ဆေးသူ မစ္စတာ ပေါ်လိုဆာဂျီယို ပီညဲရိုး နဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ဟီလာဂျီလန်နီ တို့ကလည်း ဒီကိစ္စကို ဥပဒေနဲ့အညီစုံစမ်းဖေါ်ထုတ်ပေးဖို့ နအဖကို တောင်းဆိုခဲ့ကြပါတယ်။

ဒီလို ပြည်တွင်းပြည်ပက တောင်းဆိုနေကြတာကို နအဖစစ်အစိုးရက ဂရုမစိုက်တဲ့အပြင် ဧပြီလ(၂၃)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာ အုတ်ပုံရွာသားတွေက “မင်းတို့လာ၍ ရွာနာကြောင်း၊ ရွာသူရွာသားတွေ စိတ်ဝမ်းကွဲရကြောင်း” ပြောဆိုအော်ဟစ်ပြီး ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်၍ ကျေးရွာမှမောင်းထုတ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ မိမိတို့နယ်မြေဒေသသို့ အလားတူဝင်ရောက်ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှင့် ဆူပူမှုများဖြစ်ပွားအောင် ဖန်တီးလာပါက ထိုအဖျက်သမားများကို အုတ်ပုံရွာသူရွာသားများကဲ့သို့ ဆောင်ရွက်ကြရမှာဖြစ်တယ်လို့ ပြည်သူလူထုအတွင်းမှာ ပြောဆိုနေကြကြောင်း၊ လုပ်ကြံထည့်သွင်း ရေးသားပြီး တစ်ပြည်လုံးမှာ ဒီလိုအကြမ်းဖက်မှုမျိုးတွေ ထပ်မံပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ဒီအကြမ်းဖက်မှုမှာပါဝင်ခဲ့တဲ့ တရာခံအစစ်အမှန်တွေကို ဖေါ်ထုတ်အရေးယူခြင်းမပြုတဲ့အပြင် သတိလစ်အောင် အရိုက်ခံခဲ့ရတဲ့ ကိုမြင့်နိုင်နဲ့ **HRDP** အဖွဲ့ကို အားပေးကူညီခဲ့ကြတဲ့ အုတ်ပုံကျေးရွာသား ကိုဝင်း၊ ကိုမြစိန်၊ ကိုလှရှိန်၊ ကိုမြင့်နဲ့ တလုတ်ထော်ကျေးရွာသား ကိုကျော်လွင်တို့ကို ပုပ်မ ၅၀၅(ခ)၊ ပုဒ်မ ၅၀၅(ဂ)၊ နိုင်ငံတော်ကို အကြည်ညိုပျက်အောင် လုပ်ဆောင်မှု၊ လူစုလူဝေးနဲ့ ဆူပူမှုဖြစ်အောင်လှုံ့ဆော်မှု၊ စတဲ့စွဲချက်တွေနဲ့ တရားစွဲဆိုဖို့ အုတ်ပုံကျေးရွာ ရယကဥက္ကဌ ဦးအောင်သန်းကို ညွှန်ကြားခဲ့တာကြောင့် ဦးအောင်သန်းက ဧပြီလ(၂၅)ရက်နေ့မှာ တရားစွဲဆိုခဲ့ကြောင်း သိရှိရပါတယ်။

နအဖအာဏာပိုင်တွေက ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်ဆိုသူ လူမိုက်လူရမ်းကားတွေကိုအသုံးချပြီး အခုလို အကြမ်းဖက်တိုက်ခိုက်လာတာဟာ ပြည်သူတွေ နိုင်ငံရေးနိုးကြားလာကြတာကို ကြောက်လန့်လာလို့ သွေးရူးသွေးတန်းနဲ့ လုပ်လာတာဖြစ်ပါတယ်။ ဒီလိုလုပ်ပြလိုက်ရင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလှုပ်ရှားနေသူတွေရော၊ ပြည်သူလူထုတွေပါ ကြောက်လန့်ပြီး နောက်ဆုတ်သွားလိမ့်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ လူတိုင်းမှာ အကြောက်တရားရှိတာ သဘာဝကျပါတယ်။ ဒါပေမဲ့ ဖိနှိပ်မှုကိုခံနိုင်ရည်ဟာလည်း သူ့အတိုင်းအတာအတွင်းမှာပဲ ရှိနိုင်ပါတယ်။ ရူပဗေဒသဘောတရားအရ ဖိနှိပ်ခံရတဲ့ အရာဝတ္ထုမှန်သမျှဟာ “ရှုန်းပြန်နယ်ဆုံး” ရောက်သွားရင် ပြန်တွန်းကန်တတ်တဲ့သဘာဝ ရှိတာကို နအဖဗိုလ်ချုပ်ကြီးတွေ လေ့လာသင်ကြားခဲ့ဘူးပုံ မရပါဘူး။ ဒီကနေ့ မြန်မာပြည်သူအများစုကြီးဟာ “ရှုန်းပြန်နယ်ဆုံး” ကို ရောက်ရှိနေကြပြီဖြစ်လို့ တန်ပြန်တွန်းကန်ဖို့အတွက် အသီးသီး အရှိန်ယူနေကြတာကို အထင်အရှား မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

နအဖရဲ့ ဒီလို အကြမ်းဖက်ဖိနှိပ်ပြမှုကြောင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး တက်ကြွလှုပ်ရှားသူတွေနဲ့ မြန်မာပြည်သူတွေရဲ့ လှုပ်ရှားမှုတွေ နောက်တွန့်သွားလိမ့်မယ်၊ ရပ်ဆိုင်းသွားလိမ့်မယ်လို့ ယူဆခဲ့ရင်တော့ ဒီယူဆချက်မမှန်ကန်ကြောင်းကို ဒီကိစ္စတွေအပြီး ရက်ပိုင်းအတွင်းမှာ ပေါ်ပေါက်လာခဲ့တဲ့ အောက်ပါဆန္ဒပြပွဲ(၂)ခုက သက်သေခံနေပါတယ်။ ဧပြီလ(၂၂)ရက်နေ့က သင်္ကန်းကျွန်း စံပြဈေးရှေ့မှာ မြောက်ဥက္ကလာပက ကိုထင်ကျော်၊ လှိုင်သာယာမှ ကိုသန်းမြင့်ဇော်၊ တောင်ဒဂုံမှ ကိုလေးလွင်၊ ကိုမြင့်စိန်၊ ကိုတင်မောင်ကြည်နဲ့ ကိုသိန်းအောင်မြင့် တို့ခေါင်းဆောင်တဲ့အဖွဲ့က ကုန်ဈေးနှုန်းကျဆင်းရေးနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးကျပ်တည်းမှုတွေကို စစ်အစိုးရက ဖြေရှင်းဆောင်ရွက်ပေးဖို့ ထပ်မံ ဆန္ဒပြတောင်းဆိုရင်း ရဲရဲဝံ့ဝံ့အဖမ်းခံခဲ့ကြတဲ့ လှုပ်ရှားမှု၊ ဧပြီလ(၂၅)ရက်နေ့က ရန်ကုန်မြို့ သိမ်ကြီးဈေးရှေ့မှာ မိဘပြည်သူတို့ရဲ့ သဘောထား(၄)ရပ်နဲ့ မိဘပြည်သူတို့ရဲ့ ကြွေးကြော်သံ(၅)ရပ်ကို ကိုင်စွဲပြီး တကိုယ်တော်ဆန္ဒပြရင်း ရဲရဲဝံ့ဝံ့အဖမ်းခံခဲ့တဲ့

ဦးအုန်းသန်းတို့ရဲ့ လှုပ်ရှားမှုတွေဟာ စစ်အစိုးရရဲ့ အင်အားသုံးဖိနှိပ်ချေမှုန်းရေးမူဝါဒကို ပြည်သူတွေကလည်း ဂရုမစိုက်တော့ဘူးဆိုတာ အထင်အရှားပြသခဲ့တာ ဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ်အောက်မှာ မြန်မာပြည်သူတစ်ရပ်လုံးဟာ ကိုယ့်နိုင်ငံအတွင်းမှာ သားစဉ်မြေးဆက် နှစ်ရှည်ထောင်ချခံနေရသလို ဘဝမျိုးနဲ့သာ နေထိုင်နေကြရတာမို့ အာဏာရှင်တွေက ထပ်ပြီးထောင်ချရင်လည်း သူတို့အတွက် ဘာမှထူးမှာ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေက လွတ်မြောက်ရေးလှုပ်ရှားမှုတွေမှာ ရန်သူကို အသေခံတိုက်ခိုက်ဖို့အတွက် အမည်စာရင်းပေးပြီး တန်းစီစောင့်နေကြသူတွေတောင် ရှိနေကြပြီမို့ မြန်မာပြည်သူတွေအနေနဲ့ စစ်အာဏာရှင်တွေရဲ့ အကျဉ်းထောင်တွေကို ပြည့်လျှံသွားတဲ့အထိ ငြိမ်းချမ်းတဲ့နည်းလမ်းတွေကိုအသုံးပြုပြီး တစ်နေ့တယောက်နှုန်းနဲ့ အဖမ်းခံဆန္ဒပြကြဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ဗုဒ္ဓဘာသာဝင် ရဟန်းတော်တွေက ကိုယ့်ကိုယ်ကိုမီးနဲ့ရှို့ပြီး ပြင်းထန်တဲ့ဆန္ဒပြနည်းနဲ့ ကန့်ကွက်ဆန္ဒပြတာတွေ လုပ်ခဲ့ဘူးပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီလောက်အထိ လုပ်စရာမလိုပေမဲ့ ရဟန်းသံဃာတွေ၊ သီလရှင်တွေ၊ ယောဂီတွေ၊ သူတော်စင်တွေအနေနဲ့လည်း ကိုယ့်ဒါယိကာ ဒါယိကာမတွေရဲ့ ဆင်းရဲဒုက္ခတွေအတွက် ငြိမ်းချမ်းစွာ အဖမ်းခံဆန္ဒပြတောင်းဆိုကြဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အသက်ကြီးငယ်မရွေး၊ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ငြိမ်းချမ်းတဲ့နည်းလမ်းပေါင်းစုံနဲ့ တိုက်ပွဲဝင်ကြဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

မဆလစစ်အစိုးရလက်ထက်ကလည်း ကိုကိုးကျွန်းအကျဉ်းစခန်းမှာ ကျွန်းဖျက်သိမ်းရေးအစာငတ်ခံတိုက်ပွဲကို ဗမာပြည်ကွန်မြူနစ်ပါတီကဦးဆောင်ပြီး တိုက်ခိုက်ခဲ့ဘူးပါတယ်။ လူမသိသူမသိ ကျွန်းလေးပေါ်မှာ အာဇာနည်ရဲဘော်(၈)ဦး ကျဆုံးခဲ့သည့်အထိ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်နဲ့ အသေခံတိုက်ခိုက်ခဲ့ကြတဲ့အတွက် (၅၂)ရက်အကြာမှာ မဆလစစ်အစိုးရက အရှုံးပေးပြီး ကျွန်းစနစ်ကို အပြီးအပိုင် ဖျက်သိမ်းပေးခဲ့ရဘူးပါတယ်။ လက်ရှိအခြေအနေမှာ ဒီလောက်အထိ ပြင်းပြင်းထန်ထန်တိုက်ဖို့ မလိုသေးပါဘူး။ ရန်ကုန်မြို့ရဲ့ လူမြင်ကွင်းတွေမှာ တစ်နေ့တစ်ယောက်နှုန်းနဲ့အဖမ်းခံပြီး လပေါင်းများစွာ ဆက်တိုက်ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသနိုင်ခဲ့မယ်ဆိုရင် ပြည်တွင်းလှုပ်ရှားမှုတွေနဲ့ ပြည်ပဖိအားတွေ ပိုများလာပြီး နောက်ဆုံးမှာ နအဖဟာလည်း မဆလစစ်အစိုးရလို အရှုံးပေးရမှာသေချာပါတယ်။

ဒီအချိန်ဟာ စစ်အာဏာရှင်တွေနဲ့ သာကူးလူတန်းစားတွေအတွက်လည်း သေသေချာချာ စဉ်းစားဆုံးဖြတ်ရမဲ့အချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ရင်ကြားစေ့ရေးကိုရှေ့ရှုပြီး သင်ပုန်းချေကြဖို့၊ တွေ့ဆုံဆွေးနွေးကြဖို့ ပြည်သူလူထုက အကြိမ်ကြိမ် တိုက်တွန်းနှိုးဆော် တောင်းဆိုနေတာကို လစ်လျူရှုပြီး ပြည်သူလူထုအပေါ် ပြင်းထန်တဲ့ ဖိနှိပ်မှုတွေကို ဆက်လက်ကျူးလွန်နေဦးမယ်ဆိုရင် ဖိနှိပ်သူတွေအားလုံး ဘဝချင်း၊ အသက်ချင်း၊ လောင်းကြေးထပ်ရတော့မဲ့ အချိန်ကို ရောက်ရှိလာနေပြီဆိုတာ သဘောပေါက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ တူဖြစ်စဉ်ကထုရဲခဲ့ရင် ပေဖြစ်တဲ့အခါမှာလည်း ခံရဲတဲ့သတ္တိကို အခုအချိန်ကတည်းက မွေးမြူထားကြဖို့ လိုအပ်နေပါပြီ။

ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက အမြတ်တနိုး မှတ်သားထားခဲ့တဲ့ “ငါ၏ဦးခေါင်းသည် ကံတရား၏ရိုက်ပုတ်မှုဒဏ်ကြောင့် သွေးသံတို့ဖြင့် ချင်းချင်းနီ၏၊ သို့သော် ညွတ်ကားမညွတ်” ဆိုတဲ့ ဆောင်ပုဒ်လေးလို မြန်မာပြည်သူတွေရဲ့ဦးခေါင်းမှာလည်း စစ်အာဏာရှင်တွေနဲ့ လက်ပါးစေတွေရဲ့ ရိုက်နှက်မှုဒဏ်တွေကြောင့် သွေးသံတွေနဲ့ ချင်းချင်းနီနေသော်ငြားလည်း စစ်အာဏာရှင်တွေကို သေသည်အထိ ဦးညွတ်သွားကြလိမ့်မယ်မဟုတ်ဘူးဆိုတာကို ဒီကနေ့ဖြစ်ရပ်တွေက ဖော်ပြနေကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Saturday, April 28, 2007***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု